ညောင်ဂျစ်ကျေးရွာ

ညောင်ဂျစ်အုပ်စု

မြစ်သားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇ - ၁၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ဂျစ်ကျေးရွာ ၊ မြစ်သားမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

ခေါင်းစဉ် စာမျက်နှာ

မာတိကာ ခ

စကားချီး ၁

ညောင်ဂျစ်ကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြဓြေပုံ၊ မြစ်သားမြို့နယ်

၃ အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၄

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

၅

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၅

(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၆

(ခ) သဘာဝအရင်းအမြစ်များ ၆

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

၆

(က) လူဦးရေဆိုင်ရာအချက်လက်များ

၆

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

၆

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၇

(ဃ) ကျန်းမာရေးနှင့် အာဟာရ
၇
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၇
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
၇
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ
၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
၈
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
၈
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
၉
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
၉
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၀
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၀
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၁
(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
၁၁
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
၁၁
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၁၁
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ
၁၂
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၃
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
၁၄
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၄
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း
၁၄
(ဂ) ဦးစားပေး စီမံချက်များ
၁၅
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၁၈
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ
၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
၂၃
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း
၂၃
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
၂၃
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၂၃

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
၂၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၅

ကိုးကားစာရင်း ၂၇
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်
၂၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၂၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇ / ၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ / ၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ များပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှု

များနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇွန်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ဂျစ်ကျေးရွာ၊
မြစ်သားမြို့နယ်။

ညောင်ဂျစ်ကျေးရွာအခြေပြမြေပုံ၊ မြစ်သားမြို့နယ်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်း

များ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရ စေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင် မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ် ၊အာရှဖွံ့ဖြိုးရေးဘဏ်) ၊နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံး နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂)ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။
ညောင်ဂျစ်ကျေးရွာသည် ညောင်ဂျစ်အုပ်စု၊ မြစ်သားမြို့နယ်တွင် ပါဝင်ပါသည်။ မြစ်သားမြို့နယ်၏ အနောက်တောင်ဘက် တွင်တည်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ မြောက်ဘက်တွင်တမာပင်ကျေးရွာ၊တောင်ဘက်တွင် ဗျင်ကြီးကျေးရွာ၊အရှေ့ဘက်တွင်ဆားတောင်ကုန်းကျေးရွာ၊ အနောက်ဘက်တွင် နွားလျှာရိုး ကျေးရွာတို့ တည်ရှိပါသည်။ အပူပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ မြေပြန့်လွင်ပြင်တွင် တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ မြေဆီဩဇာအရည်အသွေး အသင့်အတင့် ကောင်းမွန်သော လယ်ယာမြေများ ပေါကြွယ်ဝပါသည်။ ကင်းတားဆည်လက်ဝဲမြောင်းမှ စိုက်ပျိုးရေရရှိပါသည်။ စပါး၊ ကြက်သွန်၊ နှမ်း၊ ကုလားပဲ၊ မြေပဲနှင့် ဂျုံသီးနှံများ ကောင်းစွာစိုက်ပျိုးနိုင်ပါသည်။ကျေးရွာအနီးသဲများ အသင့်အတင့်တွေ့ရှိနိုင်ပြီး ၎င်းသဲများအား လွယ်ကူစွာ အသုံးပြုနိုင်ကြပါသည်။ သဘာဝ တောရိုင်းတိရစ္ဆာန်များလည်း တွေ့ရပါသည်။ မန်ကျည်း၊ သရက်၊ ကန္တာရစသော သစ်ပင်များ ပေါများ၍ လောင်စာထင်းအဖြစ်အသုံးပြုနိုင်ပါသည်။အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များလည်း တွေ့ရပါသည်။ ပတော်၊ မြေဇာ ၊ ကောက်ရိုးစသော နွားစာများ ပေါများပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ကျေးရွာတွင် အိမ်ထောင်စု

(၃၄၈)အိမ် ရှိပါသည်။ အမျိုးသားစုစုပေါင်း (၁၂၁၂) ဦး၊ အမျိုးသမီးစုစုပေါင်း (၈၇၂) ဦးရှိပြီး ၊ စုစုပေါင်း လူဦးရေ (၂၀၈၄) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၅) ဦးနှုန်းနေထိုင်ကြကြောင်း တွေ့ရှိ ရပါသည်။ နို့စို့အရွယ် ကလေးသူငယ် (၈) ဦးရှိပါသည်။ ၅ နှစ်အောက်ကလေးငယ်များလည်း ပျမ်းမျှပေါများပြီး၊ မူလတန်း၊အလယ်တန်း ကျောင်းသူ/သား အရွယ်များလည်း အသင့်အတင့် ပေါများပါသည်။လူဦးရေအများစုသည် ၁၅ နှစ်နှင့် ၆၄ နှစ်အကြား အလုပ်လုပ်နိုင်သော အရွယ်များဖြစ်၍ လုပ်သားအင်အား ပေါများပါသည်။ ၆၅နှစ် အထက် သက်ကြီးရွယ်အိုအရွယ်သည် လည်း (၁၇၂) ဦးရှိပါသည်။ ၅နှစ်မှ ၉နှစ်အကြား၊ မူလတန်းကျောင်းသားအရွယ်စုစုပေါင်း(၁၃၁)ဦး၊ ၁၀နှစ်မှ ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် (၁၂၄) ဦးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ညောင်ဂျစ်ကျေးရွာသည် လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကအသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည်။တောင်သူလယ်သမား (၁၅၀) ဦးနှင့် မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စု (၁၆၉) စုရှိပါသည်။ မွေးမြူရေးတွင် ဆိတ်၊ နွား၊ ကြက်၊ ဝက်စသည့် မွေးမြူရေးလုပ်ငန်းများ လည်းလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းများတွင် အငှားလုပ်ခြင်း၊ဈေးရောင်းဈေးဝယ်၊ ပန်းရံလက်သမား၊ အိမ်ဆိုင်များနှင့် လှည့်လည်ဈေးရောင်းခြင်းစသော ကျပန်းလုပ်ငန်းများကိုလည်း အိမ်ထောင်စုအနည်းငယ် လုပ်ကိုင်ကြပါသည်။ အပို၀င်ငွေအဖြစ်လည်း တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ (၁၅၃) အိမ်ထောင်စု၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၄၀) ဦးရှိပါသည်။ ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ် (၅၀) ဦး၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ်သည် (၆၅) ဦးရှိပါသည်။ ၁၂.၅ ဧကအထက် ပိုင်ဆိုင်သော တောင်သူကြီးသည် (၄၀) ဦးရှိသည့်အတွက် ကျေးရွာအနေဖြင့် မြေယာပိုင်ဆိုင်မှု များပြားကြောင်း သုံးသပ်နိုင်ပါသည်။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။ ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၄၀) စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စု (၅၀) စုရှိပြီး၊ အဆင့်-

၃အိမ်ထောင်စု (၁၀၅) စုနှင့် အဆင့်-၄ အိမ်ထောင်စု(၁၅၃) စုရှိပါသည်။ အဆင့်၃နှင့် အဆင့်-၄ အိမ်ထောင်စု များပြားကြောင်း တွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် အများအားဖြင့် မြေယာမဲ့ အိမ်ထောင်စုများ၊ လယ် ၂.၅ ဧကအောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူများ ဖြစ်ကြပါသည်။ ကြုံရာကျပန်း အလုပ်များ ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% ကို စားနပ်ရိက္ခာဖူလုံမှု စစ်တမ်းကောက်ယူခြင်းအရ အများစုသည် အစာ လျှော့စားခြင်း၊ အထောက်အပံ့ယူခြင်း၊ ပြောင်းလဲစားသုံးခြင်းများ မတွေ့ရပါ။ အိမ်ထောင်စု အများစုသည် ၃ လ အောက်သာ ဝမ်းစာဖူလုံသည်ကို တွေ့ရှိရပြီး၊ လုပ်အားခကြိုယူခြင်း၊ ချေးယူခြင်းများဖြင့် ဝမ်းစာဖူလုံရန် ဖြေရှင်းကြပါသည်။

ကျေးရွာသည် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ဆိုးရွားစွာဖြစ်ပေါ်ခြင်းများမတွေ့ရပါ။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်းများ ဖြစ်ပွားတတ်ပြီး အချို့သောနှစ်များတွင် မိုးခေါင်ခြင်းအခြေအနေများ ကြုံတွေ့ရတတ်ပါသည်။ ထိခိုက်လွယ်မှုအနေဖြင့် ရောဂါဖြစ်ပွားမှု အနိမ့်ပိုင်းများတွင်သာ ဖြစ်ပွားလေ့ရှိပါသည်။ ထို့သို့သောအခြေအနေများတွင် မြေယာမဲ့ဆင်းရဲသား တောင်သူများ လက်လုပ်လက်စားကျပန်းများအတွက် အလုပ်အကိုင် ရှားပါးခြင်းအခြေအနေများ ကြုံတွေ့ရပါသည်။ အခြားဈေးရောင်းသူများ၊ ကားမောင်း၍ အသက်မွေးဝမ်းကျောင်း ပြုရသူများသည်လည်း အနည်းငယ်ထိခိုက်ခံကြရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ကျေးရွာတွင် ဖြစ်ပွားလေ့ရှိသော ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ဆီးချို၊သွေးတိုးရောဂါများ ဖြစ်တတ်ပါသည်။ အခြားကြီးကြီးမားမား ရောဂါများဖြစ်ပွားမှုမရှိပါ။ မူလတန်းကျောင်းတွင် ကလေးသူငယ်များအတွက် အာဟာရတိုက်ကျွေးမှု အစီအစဉ်များ၊ ကာကွယ်ဆေးထိုးနှံခြင်းများလည်း ပြုလုပ်ကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှု။ ။ ကျေးရွာ၏ စာတတ်မြောက်မှုတွင် စာမတတ်သူ (၃၇) ဦးရှိ ပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့်ရှိသူ စုစုပေါင်း (၁၃၄၁) ဦးရှိပြီး

မူလတန်း၊ အလယ်တန်းအဆင့် ပညာတတ်မြောက်သူ များပြားကြောင်းတွေ့ရပါသည်။ အထက်တန်း အဆင့်ရှိသူ (၆၉) ဦးနှင့် တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ (၄၃) ဦးရှိပါသည်။ အထက်တန်းအဆင့် ပညာတတ်မြောက်သူလည်း များပြားကြောင်း သုံးသပ်နိုင်ပါသည်။ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ် ကလေးအများစုသည် မူလတန်း၊ အလယ်တန်းပညာကိုလက်လှမ်းမီသင်ကြားနေသည်ကိုတွေ့ရပါသည်။ ကျောင်းတက်နှုန်းမြင့်မားပါသည်။ မူလတန်းကျောင်းသူသား (၁၄၁) ဦးနှင့် အလယ်တန်းကျောင်းသူသား (၂၄) ဦးရှိပါသည်။ တက္ကသိုလ်အဆင့်တက်ရောက် နေသူမှာ (၁၀) ဦးရှိပါသည်။ အလယ်တန်းပညာကို နွားလျှာရိုးကျောင်းသို့တက်ရောက်ကြပြီး မြစ်သား (အ.ထ.က) ကျောင်းတွင်အထက်တန်းပညာသွားရောက်သင်ယူကြပါသည်။ကျောက်ဆည် တက္ကသိုလ်သို့ တက်ရောက်ကြပါသည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဆံပင်ညှပ်၊ ဆိုင်ကယ်စက်ဘီးပြုပြင်ရေး ကျွမ်းကျင်ပညာရှင်များရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။ ကျားမဆိုင်ရာဆက်နွယ်မှုတွင် လူဦးရေဆိုင်ရာအချက်အလက်အရအလုပ်လုပ်နိုင်သောလူဦးရေတွင် ကျေးရွာအနေဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားများ ထက်နည်းသည်ကို သိရှိနိုင်ပါသည်။ ပညာရေးဆိုင်ရာကဏ္ဍတွင်လည်း အမျိုးသားဦးရေသည် အမျိုးသမီးထက်များပြားသည်ကို တွေ့နိုင်ပါသည်။ အမျိုးသမီးများသည် ကျေးရွာစီမံခန့်ခွဲမှု ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာတွင် ဘာသာရေး၊ ကျန်းမာရေး၊ ကျောင်းကော်မတီ၊ ရွာဖွံ့ဖြိုးရေးကော်မတီစသော အဖွဲ့အစည်းများရှိပါသည်။ ကျေးရွာ၏ သာရေးနာရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကို လုပ်ဆောင်ကြပါသည်။ ၎င်းအဖွဲ့အစည်းများ သည် ကျေးရွာ၏ သာရေး၊နာရေး၊ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် လုပ်ဆောင်ကြပါသည်။အမျိုးသား၊အမျိုးသမီးများပါဝင်ကြသည်ကို တွေ့ရပါသည်။ စွမ်းဆောင်နိုင်မှုလည်း ကောင်းသည် ကိုတွေ့ရပါသည်။ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်းမှတ်ရာများ စနစ်တကျထားသိုနိုင်

ရန် ပံ့ပိုးပေးရန်လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တောင်သူ (၁၅၀) ဦးရှိပြီး မွေးမြူရေးလုပ်ကိုင်သည့်အိမ်ထောင်စု (၁၆၉) စု ရှိပါသည်။ စုစုပေါင်း လယ်မြေဧက (၂၇၆) ဧကနှင့် ယာမြေ (၁၄၃၀) ဧကရှိပါသည်။ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်၍ စိုက်ပျိုးလုပ်ကိုင် နိုင်ကြပါသည်။ ဆည်မှစိုက်ပျိုးရေရရှိပြီး စိုက်ပျိုးနိုင်ပါသည်။သို့သော်ရာသီအလိုက်သာ ရရှိပါသည်။လယ်မြေများကို ဆည်မှသွင်းယူ စိုက်ပျိုးနိုင်ပြီး ယာမြေများအတွက် အဝီစိတွင်းမှ သွင်းယူ စိုက်ပျိုးကြပါသည်။ တစ်နှစ်ပတ်လုံးသွင်းယူနိုင်သော်လည်း လုံလောက်မှုမရှိပါ။ စပါး၊ ကြက်သွန်၊ ကုလားပဲ၊ နှမ်း၊မြေပဲနှင့် ဂျုံသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ကြက်သွန်နှင့်စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။ ကြက်သွန်တစ်ဧကလျှင် ပိဿာ ၄၀၀၀ မှ ၉၀၀၀ အထိ အထွက်နှုန်း ရရှိပါသည်။ မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးကြပါသည်။ ပြစုပ်၊ ပိုးစိမ်းကိုက်၊ မှို၊ လည်လိမ်၊ ရွက်ဖျားခြောက်၊ ဥခေါင်းပုပ်စသော ပိုးမွှားရောဂါများဖြစ်ကြပါသည်။ စပါးကိုလည်းအဓိက ထားစိုက်ပျိုးကြပြီး တစ်ဧကလျှင် တင်း ၈၀ မှ တင်း ၁၂၀ အထိ အထွက်နှုန်းရရှိပြီး ဧပြီလနှင့် မေလများတွင် စိုက်ပျိုးကြပါသည်။ အခြားသီးနှံများမှာ အထွက်နှုန်း အသင့်အတင့်ထွက်ရှိပါသည်။ သီးနှံအထွက်နှုန်းပေါ်မူတည်၍ အမြတ်ရရှိမှုသည် ကွဲပြားပါသည်။ ကျေးရွာတွင် ထွန်စက် ၄ စီး၊ လက်တွန်းထွန်စက် ၂၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၆ စီး၊ ခြွေလှေ့စက် ၃ စီးနှင့် ရေစုပ်စက် ၁၀၉ စီးရှိပါသည်။ အချို့မှာ စက်ကိရိယာကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ အချို့သော အိမ်ထောင်စုများသည် ခိုင်းနွားကိုအသုံးပြုကြပါသည်။ ထွန်စက်ကြီးများကိုလည်း ငှားရမ်းအသုံးပြုနိုင်ပါသည်။ လယ်ယာသုံးစက်ကိရိယာ အသင့်အတင့် လုံလောက်မှုရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို ကျောက်ဆည်၊ မြစ်သားမြို့နှင့် ကျေးရွာတွင်းရှိ ဆိုင်များမှ ဝယ်ယူလက်လှမ်းမီပါသည်။ လယ်ယာလုပ်သား အသင့်အတင့်ပေါများပါသည်။ လယ်ယာ

ထုတ်ကုန်များကို ကျေးရွာတွင်းတွင်လည်း ရောင်းချနိုင်ပြီး မြစ်သားမြို့သို့လည်း ရောင်းချနိုင်ပါသည်။ သို့သော် စိုက်ပျိုးရေးကို ပုံမှန်အလုံအလောက် မရရှိခြင်းသည် စိုက်ပျိုးရေးကဏ္ဍ၏ အဟန့်အတားတစ်ခုဖြစ်ပါသည်။စိုက်ပျိုးရေးချေးငွေသည် လုံလောက်မှု နည်းပါးပြီး၊ ပိုးမွှားရောဂါကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီမှု မရှိပါ။ သီးနှံစျေးကွက်လိုအပ်ပါသည်။

ကျေးရွာတွင် နွားၫနို့စားနွား၊ မြင်း၊ ဆိတ်၊ ဘဲ၊ ကြက်၊ ဝက်များကို မွေးမြူ ကြောင်း တွေ့ရပါသည်။ နွားကိုလယ်ယာလုပ်ငန်းခွင်အတွက် မွေးမြူကြပါသည်။ ခွာနာ လျှာနာ၊ ဒေါင့်သန်း၊ ခြေပုပ်လက်ပုပ်စသော ကူးစက်ရောဂါများ ဖြစ်ပွားကြပါသည်။ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေး အစာ၊ ရေ အသင့်အတင့်ရရှိနိုင်ပါ သည်။ မြစ်သား၊ ကျောက်ဆည်မြို့များသို့ မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ပါသည်။ မွေးမြူရေးချေးငွေ သီးသန့်မရှိသော်လည်း သမဝါယမအသင်း၏ ချေးငွေရရှိပါသည်။ မြို့နယ်တွင် တိရစ္ဆာန်ဆေးဘက်ဆိုင်ရာ ဝန်ထမ်းဖြစ်ပွားလျှင် လာရောက်ဆေးထိုးကြပါသည်။ သို့သော် နည်းပညာပိုင်းဆိုင်ရာ ချို့တဲ့မှု မလုပ်ဆောင်ဖူးသေးပါ။ မိသားစုများ ဝင်ငွေတိုးပွားရန်အတွက် မွေးမြူရေး တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပါသည်။တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက်အခြေခံ မွေးမြူရေး ပညာများလိုအပ်ပြီး၊ ကျေးရွာအတွင်း မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။ စားကျက်မြေ အသင့်အတင့်ရှိပြီး နွား၊ဆိတ် တိုးချဲ့မွေးမြူ၍ရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။ကျေးရွာတွင် စိုက်မွေး မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်သူနည်းပါးပါသည်။ ပန်းရံ၊လက်သမား၊ အရောင်းအဝယ်လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်းနှင့် ကြိုရာကျပန်းလုပ်ငန်းစသောလုပ်ငန်းများသာတွေ့ရပါသည်။ကျေးရွာအခြေပြု ထုတ်ကုန် လုပ်ငန်းများ ကိုမူ မတွေ့ရပါ။ ကျေးရွာတွင် အိမ်ဆိုင် (၅) ဆိုင်၊ ကုန်အရောင်းအဝယ်၊ ကြက်သွန်၊ စပါး သီးနှံရောင်းဝယ်ရေး ပွဲစားများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊

ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ အခွင့်အလမ်းအနေဖြင့် ကျေးရွာအတွင်းတွင် ရောင်းချနိုင်ခြင်းဖြစ်ပါသည်။ လုပ်သား အင်အားပေါများသည်ကို တွေ့ရပါသည်။မန္တလေး၊ကျောက်ဆည်စသောမြို့ကြီးများတွင်အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရရှိနိုင်ပါသည်။ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး ငွေကြေး၊ လုပ်ငန်း နှင့်ပက်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ ထို့အပြင် ထို့ကြောင့် ကျေးရွာ အခြေပြု အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေအစီအစဉ်များ၊စျေးကွက်၊ နည်းပညာချိတ်ဆက်မှုများနှင့်အတူ အခြေခံအဆောက် အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန်လိုအပ်ပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ ကျေးရွာရှိ မြေဆီညြေ အခြေအနေသည် အရည်အသွေး ကောင်မွန်သော်လည်း နှစ်စဉ်သီးနှံများ ဆက်တိုက် စိုက်ပျိုးခြင်း၊ဓါတုဆေးသုံးဆွဲမှုများကြောင့် မြေဆီလွှာများ တဖြည်းဖြည်း အရည်အသွေး ကျဆင်းလာပါသည်။ နွားချေး၊ သစ်စိမ်း မြေညြေဓာတ်များစသော သဘာဝမြေညြေဓာတ်များ အစားထိုးအသုံးပြုရန် လိုအပ်လာပါမည်။ဖျက်ပိုးရောဂါကာကွယ်ထိန်းသိမ်းမှု အပိုင်းတွင် လည်း ဓါတုပိုးသတ်ဆေးများကို အလွန်အကျွံ သုံးစွဲကြ ခြင်းကြောင့် ပိုးရောဂါများ ဆေးဒဏ်ခံလာနိုင်ပြီး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ အလေ့အကျင့်များ လုပ်ဆောင်ရန်လိုပါမည်။ အမှိုက်သရိုက်များကို ရွာအပြင်ဘက်တွင် စနစ်တကျ စွန့်ပစ် ကြပါသည်။ ဆေးဗူးခွံများကို အသုံးပြုပြီး နီးစပ်ရာတွင် စွန့်ပစ်ကြ ပါသည်။

(c) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ကျေးရွာတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ ပုံစံ ၇ ရှိသူများ ထုတ်ချေးခွင့် ရရှိ ပါသည်။ ကာလတိုချေးငွေ ဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းခွဲရပါသည်။ ဇွန်လများ တွင် ပုံမှန်ထုတ်ချေးပါသည်။ငွေတိုးပေးသူထံမှလည်းချေးငွေရယူနိုင်ပါသည်။ သမဝါယမ ချေးငွေလည်း ရရှိပါသည်။ ငွေတိုးပေး သူများထံတွင်လည်း ချေးယူနိုင်ပြီး အတိုးနှုန်းမှာ အနည်းဆုံး ၅ ကျပ်ခန့်ရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပြီး မူလတန်းအရွယ် ကလေးငယ်များအားလုံး မူလတန်းပညာကိုလက်လှမ်းမီကြပါသည်။အလယ်တန်းအထက်တန်းပညာကိုနွားလျှာရိုး ကျေးရွာကျောင်းသို့သွားရောက်တက်ရောက်ကြပါသည်။မူလတန်းကျောင်းသည် ကျေးရွာ အနီးတွင်တည်ရှိပြီး၊ ၁ မိုင်အတွင်းသာ ကွာဝေးသည့်အတွက် ကျောင်းသို့ခြေလျင် တက်ရောက်ကြပါသည်။ ကျောင်းဆရာ ၁ ဦးနှင့် ကျောင်းဆရာမ ၆ ဦးရှိပြီး စုစုပေါင်း ၇ ဦးရှိပါသည်။ ကျောင်းဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ၂၅၂၀ စတုရန်းပေရှိပါသည်။ စာသင်ကျောင်း ဆောင် ၂ ဆောင်ရှိပြီး ကျောင်းအရည်အသွေးများ ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်ပါသည်။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီး အရည်အသွေး ညံ့ဖျင်း၍ အသုံးပြုရန် အခက်အခဲများရှိပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်းမရှိပါ။ မသန်စွမ်းသူများအတွက်ပညာရေး အထူးအစီအစဉ်များမရှိပါ။ကျောင်းအတွင်း ကလေး များ ဆော့ကစားရန် အားကစားကွင်းတည်ရှိပါသည်။ ကလေးသူငယ်များ လွတ်လပ်စွာ ကစားနိုင်ပါသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင် မိခင်များ အားဆေးများပုံမှန်လာရောက်ထိုးနှံပေးပါသည်။အခြေခံကျန်းမာရေးပညာပေး အစီအစဉ် များလည်း ရှိပါသည်။ ကျန်းမာရေးဆေးပေးခန်းသည် ကျေးရွာအတွင်းတွင် တည်ရှိသည့် အတွက် သွားလာရေး အဆင်ပြေပါသည်။ မွေးလူနာများရှိပါက လာရောက် မွေးဖွား ပေးပါသည်။အရေးပေါ်လူနာများ အတွက် မြစ်သားပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ပြည်သူ့ ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက်ကြပါသည်။ မြစ်သားမြို့နှင့် ၆ မိုင်သာ ကွာဝေးပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကိုလည်း လက်လှမ်းမီပါသည်။

ကျေးရွာတွင် အဝီစိတွင်းစက်တပ်သုံးစွဲသည့်အိမ်ထောင်စု (၉၀) စုရှိပြီး၊ ရေအရည် အသွေးစမ်းသပ်ထားရှိပါသည်။ အဝီစိတွင်းတုံကင်သုံးစွဲသည့် အိမ်ထောင်စုမှာ

များပြားပြီး (၂၅၈)အိမ်ထောင်စုရှိပါသည်။ သောက်သုံးရန်ကောင်းမွန်၍ နွေမိုးဆောင်းလုံလောက်မှု ရှိပါသည်။ ရွာ၏ အနီးတွင် ဆည်၊ ချောင်းရေများကို တိရစ္ဆာန်သုံးအဖြစ် အသုံးပြုကြပြီး၊ လူချိုးရေအဖြစ်လည်း အသုံးပြုကြပါသည်။ သောက်သုံးရေပြဿနာ မရှိပါ။ ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စုမှာ (၂) အိမ်ထောင်စုသာရှိပြီး၊ တွင်း/ဧယားအိမ်သာကို အများဆုံးသုံးစွဲကြပြီး အိမ်ထောင်စု (၃၃၁) စု ရှိပါ သည်။ အနည်းငယ်သာ တောထိုင်အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများ ရှိကြပါသည်။ ကျန်းမာရေးဆိုင်ရာအတွက် ပုံမှန်လာရောက် စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ ကျေးရွာတွင် အပန်းဖြေရန် စာကြည့်တိုက်မရှိသေးပါ။ မြစ်သားတန်ဆောင်တိုင်ကပွဲ၊ ဖမ်းတွင်းရွှေဂူဘုရားပွဲ၊ ကျောက်ဆည်ဆင်ကပွဲများသို့ သွားရောက်လေ့ရှိကြပါသည်။ ဘောလုံးကစားခြင်း၊ ပိုက်ကျော်ခြင်းခတ်ကစားခြင်း၊ ဘော်လီဘော ကစားခြင်းများဖြင့် အပန်းဖြေကြပါသည်။ လူငယ်များသည်အလှူ ၊ မင်္ဂလာဆောင်ပွဲများနှင့် ကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခြင်း၊ သင်္ကြန်ပွဲအခါကြီး ရက်များတွင်ကုသိုလ်ပြုခြင်း၊ ဆယ်ရက်တရားစခန်းကျင်းပခြင်း၊ သီတင်းကျွတ်အခါသမယတွင် လူကြီးသူမများကို ကန်တော့ခြင်း၊ ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါ သည်။ ကျေးရွာတွင် အားကစားပုံမှန်ကစားခြင်းများပြုလုပ်ကြပြီး လေ့လာရန်စာကြည့်တိုက်လည်း ရှိပါသည်။ အခြားနီးစပ်ရာ ကျေးရွာများနှင့် ဘောလုံး၊ခြင်းခတ်ပြိုင်ပွဲများတွင်လည်း လူငယ်များ ပါဝင်ခွင့် ရကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်ပြီးချဉ်းကပ်လမ်းသည် ကျောက်ချောလမ်းဖြစ်၍ မန္တလေးမြင်းခြံလမ်းကို ဆက်သွယ်ထားပါသည်။ လမ်းအားလုံးမှာ တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။

မိုးရာသီတွင်သာ သွားလာရေးအနည်းငယ် ခက်ခဲပါသည်။ ဆိုင်ကယ်၊ သုံးဘီးကား၊ ကားများကို အသုံးပြု၍ သွားလာကြပါသည်။ ကျေးရွာတွင် (၁၀၄) အိမ်ထောင်စုသာ လျှပ်စစ်မီးအသုံးပြုနိုင်ပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာကိုအသုံးပြု၍ မီးလင်းကြပါသည်။ ဆိုလာဖြင့်မီးလင်းသည့် အိမ်ထောင်စု (၂၄၄) စုရှိပါသည်။ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလင်းရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာအနီးတွင် ဆက်သွယ်မှုတာဝါတိုင်များမရှိသော်လည်း ဆက်သွယ်ရေးလက်လှမ်းမီပါသည်။ ဆက်သွယ်မှုများလည်း ကောင်းမွန်ပါ သည်။ ကျေးရွာတွင် ဖုန်းအသုံးပြုမှုလည်းများပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာသည် ရစ်ကန်ရဲစခန်းနှင့် အနီး တွင်တည်ရှိသည့်အတွက် ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာ မှုခင်းဖြစ်ပွားမှုမရှိ၍ တည်ငြိမ်အေးချမ်းပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်မှု ကောင်းပြီး၊ လူထုပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများပေါများ၍ မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေ၊ ယာမြေများလည်း စိုက်ပျိုး၍ ကောင်းမွန်ပါသည်။ ဆည်မှ စိုက်ပျိုးရေရရှိ၍ မြေပဲ၊ ကြက်သွန်၊ ကုလားပဲ၊ နှမ်း၊ ဂျုံ၊ စပါးစသော သီးနှံများ ဖြစ်ထွန်း အောင်မြင်ပါသည်။ ကျေးရွာအနီး တွင်းများမှလည်း စိုက်ပျိုးရေရရှိ စိုက်ပျိုးနိုင်ပါသည်။ မွေးမြူရေးတွင်လည်း နွား၊ နို့စားနွား၊ ကြက်၊ ဝက်၊ ဆိတ်၊ မြင်းများ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေသီးသန့် မရှိသော်လည်း မြေလွတ်မြေလပ်များတွင် လွှတ်ကျောင်းနိုင်ကြပါသည်။ မြောင်းဘောင်တစ်လျောက် တွင်

လည်း လွတ်ကျောင်းနိုင်ပါသည်။ အစာ၊ ရေလည်း ပေါများပါသည်။ မြို့သို့ မွေးမြူရေး ထုတ်ကုန်များ အလွယ်တကူ တင်ပို့ရောင်းချနိုင်ပါသည်။ ကျေးရွာအနီး ချောင်းမှလည်း သဲများထုတ်ယူ အသုံးပြုနိုင်ပါသည်။

(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။ ဒေသခံတောင်သူများသည် မိရိုးဖလာခလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ရှိကြပြီး၊ ပြောင်းလဲမစိုက်ပျိုးလိုကြခြင်းသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခု ဖြစ်သည်။ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံခြင်း မွေးမြူရေးသီးသန့် ချေးငွေမရှိခြင်းများသည်လည်း အဟန့်အတားဖြစ်နေပါသည်။ ကျေးရွာ အခြေပြု အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။ လယ်ယာထွက်ကုန်သီးနှံများ သယ်ယူရန် ကုန်ထုတ် လမ်းများ မကောင်းမွန်ခြင်းသည်လည်း အဟန့်အတားတစ်ခုဖြစ်ပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေပြုသောကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက် လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၄ ချက်ကို ရေးဆွဲထားပါသည်။

(က) လယ်ယာကုန်ထုတ်လမ်းများ ကောင်းမွန်ရန် မိတ်ဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း၊ ကြိုးပမ်းခြင်း။

(ခ) မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူနိုင်ရေး နည်းပညာများချိတ်ဆက်ခြင်း၊ တိုးချဲ့မွေးမြူနိုင်ရန် ကြိုးပမ်းခြင်း။

(ဂ) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း တိုးတက်လာရမည်။

(ဃ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါ သည်။

(၁) ကျေးရွာ၏ **စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံးလုံလောက်စွာရရှိရန် ချိတ်ဆက်သွားရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့် မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများ ရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင် သွားရမည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက် ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတတ်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်းများ ပြုလုပ်သွားမည်။တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ လူငယ်များ စာပေဗဟုသုတ ပိုမိုတိုးပွားစေရေး ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆွေးနွေးခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထထွန်းကားရန် အသိနိူးဆော်ခြင်း၊ လူငယ်များအားကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးရန်တို့ ဖြစ်ပါသည်။

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်မှုအဆင်ပြေစေရေးအတွက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာ များအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေး၊မွေးမြူရေးကို အခြေခံသောကျေးရွာ တစ်ရွာဖြစ်သည့်အတွက်စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည်စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန်မဝါဒများ၊အစီအစဉ်များချမှတ်ရန်လိုအပ်မည်။ထို့အပြင် ပိုးမွှားရောဂါ

ကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် အခက်အခဲများကြောင့် အထွက်နှုန်းများ ကျဆင်းလာပါသည်။စိုက်ပျိုးရေးပညာပေးဌာနတွင်ဝန်ထမ်းမလုံလောက်ခြင်း၊ဘတ်ဂျက် မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များ၊ ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများဖြည့်ဆည်းခန့်ထားရေး၊လုံလောက်သောဘတ်ဂျက် လျာထားချက် များ ထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစား မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေး စောင့်ရှောက်မှုများမရရှိကြပါ။တစ်နိုင်တစ်ပိုင် မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာ မူဝါဒ များ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာ လုပ်ဆောင်သင့်ပါသည်။ အောက်ခြေ တွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေး အခြေခံ အဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင် ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ်လုပ်ဆောင်ရန်လိုပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံ လုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝ ဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည်အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက် များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကို ပြင်ဆင်ရမည် ဖြစ်ပါ သည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက် ဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက် များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံချက် လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်) ၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်း ရှင်းလင်းချက်	မှတ်ချက်
၁။ ပညာရေး	၁။ မူလွန်ကျောင်းဆောင် အသစ်ဆောက်လုပ်ခြင်း	၁၀၀	၁		
၂။ အခြေခံအဆောက်အဦ	၂။ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း	၉၅	၂		
၃။အခြေခံအဆောက်အဦ	၃။ ရွာချင်းဆက်လမ်းကျင်းခင်းခြင်း	၈၀	၃		
၄။ အခြေခံအဆောက်အဦ	၄။ရွာတွင်းလမ်းကျင်းခင်းခြင်း	၆၅	၄		
၅။ ပညာရေး		၅၀	၅		

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစား ပေး အဆင့်	စီမံကိန်း ရှင်းလင်းချက်	မှတ် ချက်
၅။ကျောင်းခြံ စည်းရိုးနှင့် ယင်လုံအိမ် သာဆောက်	လုပ်ခြင်း				

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေးအဆင့်	ကာလ					မှတ်ချက်
			၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	
၁	မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၁	√	√	√			
၂	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂		√	√	√		
၃	ရွာချင်းဆက်လမ်းကျင်းခင်းခြင်း	၃		√	√	√	√	
၄	ရွာတွင်းလမ်းကျင်းခင်းခြင်း	၄			√	√	√	
၅	ကျောင်းခြံစည်းရိုးနှင့်ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း	၅				√	√	

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန် တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သားအင်အား၊လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သောအချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ရင်းနှီးမြှုပ်နှံငွေအမျိုးအစားခွဲခြားခြင်း

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျတ်	သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ် ငွေလုံးငွေရင်း ရင်းနှီး မြှုပ်နှံမှု	စွမ်းဆောင်ရည် စာနာမှု မြင့်တင်ရေး
၁	မူလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း		√		
၂	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း		√		
၃	ရွာချင်းဆက်လမ်းကျင်းခင်းခြင်း		√		
၄			√		

	ရွာတွင်းလမ်းကျင်းခင်းခြင်း	
၅	ကျောင်းခြံစည်းရိုးနှင့်ယင်လုံ အိမ်သာ ဆောက်လုပ်ခြင်း	√

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာ မူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေး

ဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။စိုက်ပျိုးရေ လုံလောက်စွာရရှိရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက်မှုရယူပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းခင်းခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ လမ်းခိုင်ခံ့မှုရှိစေရန် မိုးရာသီတွင် လှည်း၊ ကား၊ ထော်လာဂျီများ မောင်းနှင်ခြင်းမပြုရန် သတ်မှတ်မည်။ မီးလင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းတွင် မီးကြိုးများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးထိန်းသိမ်းခြင်း၊ ရန်ပုံငွေကောက်ခံခြင်း များဖြင့် ထိန်းသိမ်းပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက် မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ ကျေးရွာတွင်းရှိအိမ်ထောင်စုများ အတူပူးပေါင်း၍ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ် စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက် အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍) ၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည ်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂) မျက်နှာ ၊ (၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ် သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါ သည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော

အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဇ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဇယား (၄၅) ညောင်ဂျစ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
၁။ လျှပ်စစ် •ကျောင်းဆောင်မရှိခြင်း	•လက်ရှိကျောင်းဆောင်မှာ ပျက်စီးဆွေးမြေ့နေခြင်း	• ကျောင်းနေအရွယ် ကျောင်းသားများရှိခြင်း	• ကျေးရွာငွေကြေး မတတ်နိုင်ခြင်း	•ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ရန်	•မူလွန်ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း
၂။ အခြေခံအဆောက်အဦ •ကုန်ထုတ်လမ်းမကောင်းခြင်း	• ကုန်ထုတ်လမ်းမကောင်းသည့် အတွက် သီးနှံများထုတ်/သွင်းရာတွင် အခက်အခဲများရှိခြင်း	• လုပ်သားအင်အားရှိခြင်း	• ငွေကြေးမပြည့်စုံခြင်း	•စက်ယန္တရားများ ထောက်ပံ့ရန် •ကျေးလက်ဦးစီးဌာနနှင့် ချိတ် ဆက်ရန်	•ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
၃။ အခြေခံ အဆောက်အဦ •ရွာတွင်းလမ်း မကောင်းခြင်း	• မိုးရွာသွန်းမှု များပြားခြင်း • ချိုင့်ခွက်များ ဖြစ်နေခြင်း	• မြေသားလမ်းရှိ နေခြင်း	• ဂျင်းကျောက် ရယူရန်ခက် ခဲခြင်း	• ရွာတွင်း လမ်း ပြုပြင် ရန် ရန်ပုံငွေ စုဆောင်း ထားရှိရန်	• ရွာတွင်းလမ်း ဂျင်းခင်းခြင်း
၄။ အခြေခံ အဆောက်အဦ •ရွာချင်းဆက်လမ်း မကောင်းခြင်း	• မြေသားလမ်း ဖြစ်နေခြင်း	• လုပ်သားအင်အား ပေါများခြင်း	• ငွေကြေးမတတ် နိုင်ခြင်း	• လမ်းကော်မ တီ ဖွဲ့စည်းရန် • ကျေးလက်လ မ်းဦးစီးဌာနနှ င့် ချိတ်ဆက်ရန်	•ကျေးရွာချင်း ဆက်လမ်းပြုပြ င် ခြင်း

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
၅။ ပညာရေး • ကျောင်းခြံစည်းရိုးနှင့် ယင်လုံအိမ်သာမရှိခြင်း	• ပြုပြင်မှုအားနည်းခြင်း	• ကျောင်းကော်မတီရှိခြင်း	• ရန်ပုံငွေ မရှိခြင်း	• ကျောင်းကော်မတီနှင့် ပညာရေးဦးစီးဌာနတို့ ချိတ်ဆက်ရန်	• ကျောင်းခြံစည်းရိုး နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်း

ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏
ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၈၊ ဇွန်လ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြုဇယားများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ညောင်ဂျစ်ကျေးရွာ
ကျေးရွာအုပ်စု	- ညောင်ဂျစ်အုပ်စု
မြို့နယ်	- မြစ်သားမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- မန္တလေးတိုင်းဒေသကြီး
စီမံချက်အမည် - **ကျောင်းခြံစည်းရိုးနှင့်ယင်လုံအိမ်သာများဆောက်လုပ်ခြင်း**	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင် အိမ်ထောင်စု (၃၄၈) စုရှိပါသည်။ ကျောင်း၏လက်ရှိခြံစည်းရိုးမှာ ဆွေးမြေ့ပျက်စီးနေပြီးလုံခြုံမှုအားနည်းနေပါသည်။လက်ရှိယင်လုံအိမ်သာသည် လည်း ပျက်စီးယိုယွင်းခြင်း၊ သုံးစွဲရန်လုံလောက်မှုမရှိဘဲ ကျောင်းသား/သူများ အတွက် အခက်အခဲများကြုံတွေ့နေရပါသည်၊	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြ ရန်) ကလေးများနှင့် ဆရာ/မများ လွတ်လပ်စွာသင်ကြားနိုင်စေရန် ကျောင်းခြံစည်းရိုး ကာရံခြင်း၊ ယင်လုံအိမ်သာများပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) ဆရာ/မများနှင့် ကျောင်းသား/သူများ စိတ်ချယုံကြည်စွာစာသင်ကြားနိုင်ခြင်း ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအဆင့်အတန်းများ တိုးတက်လာမည်။ ပညာ တတ်သူများ ပေါများလာ၍ ပညာရေးအဆင့်မြင့်မား လာခြင်း၊ အလုပ်အကိုင်များ ပေါများလာ ခြင်းစသည့် အကျိုးကျေးဇူးများရရှိ လာပါ မည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်	

ပမာဏလုပ်ရမည်)

ကျောင်းခြံစည်းရိုးကာရံရန်အတွက် သံဆူးကြိုး ပေအရှည် (၈၀၀) ခန့် လိုအပ်ပါမည်။ ယင်လုံအိမ်သာ လုံလောက်စွာအသုံးပြုနိုင်ရန်အတွက် အိမ်သာ (၄) လုံးတွဲ အဆောက်အဦ လိုအပ်ပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၅၀ သိန်း (ငွေသား) • ၅ သိန်း (ငွေသား) • ..... • (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၇၆၂	၈၇၂	၁၆၃၄	၄၀	၅၀	၁၀၅	၁၅၃	၃၄၈
အကျိုးခံစားမည့်ဦးရေ	၇၆၂	၈၇၂	၁၆၃၄	၄၀	၅၀	၁၀၅	၁၅၃	၃၄၈

မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ –၄

စီမံချက် အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့် ကျေးလက် ဦးစီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ပါမည်။
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - စီမံကန်းငွေထုတ်ပြီး ၃ ရက်မှ တစ်ပတ်အတွင်း
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၁၉-၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာထည့်ဝင်မှုရရှိရန် ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့် ရပ်မိရပ်ဖများ ပူးပေါင်း ၍ ကျေးရွာတွင်းလှည့်လည်အလှူခံသွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာစာသင်ကျောင်းမှ ဆရာ/ မများ ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုနည်းစေရန် စည်းကမ်းချမှတ်ထိန်းသိမ်းခြင်း၊ ကျေးရွာရှိ အိမ်ထောင်စုများထံမှ ထည့်ဝင်ခြင်းများဖြင့် ထိန်းသိမ်းသွားပါမည်။